ရေပုံးကျေးရွာ

ရေဖြူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေပုံးကျေးရွာ၊ရေဖြူမြို့နယ်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၃ |
| | ရေပုံးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရေဖြူမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ ) မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ ) ငါးလုပ်ငန်း | ၆ |
| | (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၇ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ ) ကျေးရွာ မီးလင်းရေး | ၇ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၇ |
| ၆။ | ပညာရေး | ၇ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၈ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၈ |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၈ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ | ၉ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၀ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၁ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၂၇ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၃၀ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၃၂ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၃၄ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီး တို့၏ ဆက်လက် ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်လ၊ ၂၀၁၈ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေပုံးကျေးရွာ
ရေဖြူမြို့နယ်

# ရေပုံးကျေးရွာ သယံဇာတပြမြေပုံ၊ ရေဖြူမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရေပုံးကျေးရွာသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ ကျောက်ရှပ်ကျေးရွာအုပ်စု ရန်ကုန်-ထားဝယ်ကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျေးရွာပတ်လည်တွင် ချောင်းများဖြင့်ဝန်းရံလျက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့်ရရှိပါသည်။ တောရိုင်းတိရိစ္ဆာန်များ၊ အပင်မျိုးစိတ်များ ရှိသော သဘာဝတောတောင်တန်းတည်းရှိပါသည်။ ဝါးပင်၊ ညောင်ပင် ၊ ကက္ကို၊ ကညင်၊ ကောင်းမှု၊ သစ်လျှို၊ ရှစ်ခါး၊ လေသရက်၊ ရှစ်လေ၊ မှန်သင်း၊ ကဘန် ၊ ဘန်ဆွေး၊ ကရယ်ဝေး၊ ပျဉ်းကတိုး၊ သစ်အယ်၊ ပန်းပိတောက် အပင်များ သဘာဝအတိုင်းပေါက်ရောက်လျက်ရှိပါသည်။ ဆင်၊ ကျားသစ်၊ ကြံ့သူတော်၊ ဂျီ၊  ဆတ်၊ တောဆိတ်၊ တောကြောင်၊ တောဝက်၊ ငှက်မျိုးစိတ်များစသော တောရိုင်းတိရိစ္ဆာန်များလည်း ရှိပါသည်။ ရေပုံးကျေးရွာ၏ အရှေ့တောင်ဘက်တွင် သဘာဝအတိုင်းဖြစ်ပေါ်နေသော ရေပူစမ်းတစ်ခုရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ရပ်မိရပ်ဖတို့နှင့် နာရေးကူညီမှုအသင်း၊ ပရဟိတအသင်းနှင့် လူပျို/အပျိုအသင်းတို့မှာလည်း ပူးပေါင်းပါဝင်အားကောင်းပြီး တက်ညီလက်ညီရှိကြပါသည်။ ကျေးရွာတွင်းရှိ သာရေးနာရေးလုပ်ငန်းများတွင် လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ပူးပေါင်းလုပ်ဆောင်ကြပါသည်။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအပိုင်းတွင် အမျိုးသမီးများအနေဖြင့် ဦးဆောင်မှုမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က)  သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။အဓိကစိုက်ပျိုးသီးနှံများမှာ တောင်ယာစပါး၊ သီဟိုဠ်၊ ကွမ်းသီး၊ ရာဘာ၊ ကိုကိုး၊ ဝဥ၊ ဖာလာနှင့် နှစ်ရှည်သီးနှံများဖြစ်ပါသည်။ နှစ်ရှည်ပင်ထွက်ကုန်များ ဈေးနှုန်းမတည်ငြိမ်မှုကြောင့် တောင်သူများ အခက်အခဲနှင့် ရင်ဆိုင်ရပြီး ဝင်ငွေရရှိမှုနည်းပါးသည့်အတွက် ကျေးရွာရှိလူငယ်များပြည်ပနိုင်ငံများသို့သွားရောက်၍ ဝင်ငွေရှာကြရပါသည်။

(ခ)  မွေးမြူရေးလုပ်ငန်း

ဈေးကွက်နှင့်လက်လှမ်းမမီမှုကြောင့် ရွာသူ/သားများ နစ်နာမှုများရှိပါသည်။ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ နည်းပါးပါသည်။ အများစုမှာ ဝက်မွေးမြူကြပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စက်ပစ္စည်းနှင့် ဆိုင်ကယ်ပြုပြင်ခြင်း၊ ကုန်စုံဆိုင်ရောင်းခြင်း၊ လက်ဖက်ရည်၊ အပ်ချုပ်ဆိုင် လုပ်ငန်းတို့ လုပ်ကိုင်ကြပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူများ ချေးငွေမရရှိပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စီမံကိန်းမှ အရင်းမပြတ်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း(၃၀၀) ရရှိထားသည့်အတွက် ကျေးရွာမှစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူများအတွက် အရင်းအနှီးများရရှိပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှုများလိုအပ်လျက်ရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာနေပြည်သူအများစုမှာ ဆိုင်ကယ်များဖြင့်သာ သယ်ယူပို့ဆောင်ရေးအတွက် အဓိက အသုံးပြုပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မဟာဓါတ်အားလိုင်းဖြတ်သန်းသွားသော်လည်း ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ လက်ရှိအချိန်တွင် ကျေးရွာနေပြည်သူအများစုမှာ ကျေးရွာမီးစက်မှ လျှပ်စစ်မီးအသုံးပြုပြီး အနည်းစုမှာ ဆိုလာ အသုံးပြုပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဖုန်း၊ အင်တာနက်လိုင်း များကောင်းမွန်ပြီး သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီရရှိပါသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ ရွာသူ/သားအများစုမှာ အခြေခံအရေးအဖတ် တတ်မြောက်ကြပြီး ဘွဲ့ရပညာတတ်များလည်းရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာရေးအတွက် ကျေးရွာမှ (၈)မိုင်ခန့် ဝေးကွာသော ကလိန်အောင်မြို့သို့ သွားရောက်ပညာသင်ကြားရပါသည်။

၇။ ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ဆိုးရွားသောကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက် နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုတ်ကွေးဖြစ်ပွားတတ်ပြီး လူကြီးလူငယ်များတွင် မိုးရာသီတွင် တုတ်ကွေးရောဂါကူးစက်ခံရလေ့ရှိသည်။ ရောဂါဖြစ်

ပေါ်လာပါက ကျေးရွာတွင် တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများနှင့် ဆွေးနွေး တိုင်ပင်ပြီး ကုသမှုခံယူလျက်ရှိပြီး ကလေးငယ်များရောဂါအခြေအနေစိုးရိမ်ရပါက ထားဝယ်ပြည်သူ့ ဆေးရုံကြီးအထိ သွားရောက်ကုသကြရပါသည်။ ကျေးရွာမှ (၈)မိုင်ခန့်အကွာတွင်ကလိန်အောင်မြို့နယ် ဆေးရုံနှင့် (၃)မိုင်ခန့်အကွာတွင် ဟိန္ဒဲကျေးရွာ ကျန်းမာရေးဆေးပေးခန်းများမှ ကျန်းမာရေးဝန်ဆောင်မှုများလည်း ရရှိပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရေပုံးကျေးရွာတွင် သစ်တောဦးစီးဌာနမှ သဘာဝသစ်တောကြိုးဝိုင်းစီမံကိန်းရုံးမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်းနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်၍ လုပ်ဆောင်ကြ ပါသည်။ သာရေးနာရေးပွဲများတွင် အမျိုးသား၊ အမျိုးသမီးအားလုံး စိတ်အားထက်သန်စွာပါဝင် လုပ်ဆောင်ကြပါသည်။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုနည်းပါးပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စု - ကျေးဇာက်ရှပ် | | ကျေးရွာ - ရေပုံး | ဦးစားပေး အဆင့် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက် | အဆိုပြုလုပ်ငန်းစဉ်များ | |
| ၁။ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာလယ်လမ်းကွန်ကရစ်လမ်းဖောက်လုပ်ခြင်း | ဦးစားပေး(၁) |
| ၂။ | အခြေခံအဆောက်အဦ | လျှပ်စစ်မီး | မဟာဓါတ်အားလိုင်းချိတ်ဆက်သွယ်တန်းခြင်း | |
| ၃။ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သီးခါချောင်းဖျားမြေသားလမ်းဖောက်လုပ်ခြင်း | |
| ၄။ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ပိန်းချောင်းတံတားတည်ဆောက်ခြင်း | |
| ၅။ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သီးခါဝလမ်း မြေသားလမ်းဖောက်လုပ်ခြင်း | |
| ၆။ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ပိန်းချောင်းဖျားလမ်း မြေသားလမ်းဖောက်လုပ်ခြင်း | |
| ၇။ | ကျန်းမာရေး | ဆေးပေးခန်း | ဆေးပေးခန်းတည်ဆောက်ခြင်း | ဦးစားပေး(၂) |
| ၈။ | ပညာရေး | ပရိဘောဂ | စာရေးခုံများ အသစ်ပြုလုပ်ခြင်း | ဦးစားပေး(၃) |
| ၉။ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်လှစ်ခြင်း | |
| ၁၀။ | မွေးမြူရေး | နည်းပညာ | မွေးမြူရေးနည်းပညာသင်တန်းဖွင့်လှစ်ခြင်း | |
| ၁၁။ | ခရီးသွားလုပ်ငန်း | အဆောက်အဦ | သဘာဝရေပူစမ်းတွင် Resortများတည်ဆောက်ခြင်း | |
| ၁၂။ | ကုန်ထုတ်လုပ်ငန်း | နည်းပညာ | ကျေးရွာကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးလာစေရန် နည်းပညာသင်တန်းဖွင့်လှစ်ခြင်း | |

## ရေပုံးကျေးရွာ၊ ကျောက်ရှပ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းထွန်းဦး | ဦးကျော်အေး | ၆/ရဖန (နိုင်) ၁၃၈၈၅၀ | ၃၅ | ဥက္ကဋ္ဌ | |
| ၂ | ဦးသိန်းအောင် | ဦးအောင် | ၆/ရဖန (နိုင်) ၀၁၈၅၀၉ | ၅၅ | အတွင်းရေးမှူး | |
| ၃ | ဦးအာကာလင်း | ဦးကြည်လင်း | ၆/ထဝန (နိုင်) ၁၁၃၂၄၉ | ၃၁ | ဘဏ္ဍာရေးမှူး | ၀၉၄၅၅၈၀၆၇၄၆ |
| ၄ | ဦးကျော်လင်း | ဦးကျော်ဟန် | ၆/ရဖန (နိုင်) ၀၁၈၅၀၂ | ၄၅ | စာရင်းကိုင် | |
| ၅ | ဦးဖေအောင် | ဦးအောင်မြင့် | ၆/ရဖန (နိုင်) ၀၅၈၂၁၆ | ၄၁ | စာရင်းစစ်-၁ | |
| ၆ | နော်ရွှေစင်ဝင်း | ဦးနေခြည်မိုး | ၆/ကလအ (နိုင်) ၀၀၄၈၈၂ | ၂၀ | စာရင်းစစ်-၂ | |
| ၇ | ဒေါ်စိုးနန္ဒာထိုက် | ဦးဉာဏ်သိန်း | ၆/ရဖန (နိုင်) ၁၁၂၄၁၈ | ၂၀ | အဖွဲ့ဝင် | |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၁၄ | ၂၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၃ | ၃၃ | ၆၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၃၉ | ၇၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၀ | ၄၃ | ၁၀၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၅ | ၂၆၀ | ၄၈၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၈ | ၃၂ |
| **စုစုပေါင်း** | | **၃၈၁** | **၄၀၇** | **၇၈၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၃၉** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် (၁)နှစ်အောက်ကလေးနည်းပါးပါသည်။ သက်ကြီးရွယ်အိုလည်း အသင့်အတင့်ရှိပြီး လူလတ်ပိုင်းအလွန်ပေါများပါသည်။.

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

## (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၃ | သင့် | | ချောင်း |
| ယာမြေ | ၃၃ | သင့် | | |
| ဥယျာဉ်ခြံမြေ | ၁၂၈၃ | သင့် | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | ၉၆၃ | | | |
| **စုစုပေါင်း** | ၂၂၈၂ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်လယ်ဧကအနည်းငယ်သာရှိပြီး ဥယျာဉ်ခြံအများ ဆုံးစိုက်ပျိုးကြသည်။ သစ်တောကြိုးဝိုင်းဧက (၉၀၀)ကျော်ခန့်ရှိပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ခါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | များ | လက်လှမ်းမှီ |
| အခြားသဘာဝအရင်းအမြစ် | များ | လက်လှမ်းမှီ |
| တိရစ္ဆာန်မျိုးစိတ်များ | များ | လက်လှမ်းမှီ |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | များ | လက်လှမ်းမှီ |
| ပျှမ်းမျှအပူချိန် – ၃၇ ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၂၀၀လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်၊** ။ ချောင်းအတွင်း သဲများကို လွယ်ကူစွာရရှိသုံးစွဲနိုင်ပြီး တိရိစ္ဆာန်မျိုးစိတ်များ ဖြစ်သော ကြံသူတော်၊ ဆင်၊ တောဝက် များနှင့် အပင်မျိုးစိတ်များဖြစ်သော ကညင်၊ ပိတောက်၊ သစ်လျှို စသည့်အပင်များရှိပါသည်။၎င်းမျိုးစိတ်မျိုးအား မပြုန်းတီးစေရန် သက်ဆိုင်ရာဌာနနှင့် ရွာသူ/သားများပူပေါင်း၍ ကာကွယ်ထိန်းသိမ်းရန်လိုအပ်ပါသည်။

### (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အမျိုးသမီး ရေးရာ | ၁☐၂✔၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၂ | CF | ၁✔၂☐၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | CF အဖွဲ့ဝင်များအား ချေးငွေထုတ်ချေးပေးခြင်း |
| ၃ | မြစိမ်းရောင် ကော်မတီ | ၁✔၂☐၃☐ | ပညာရေး☐ငွေကြေး ✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၄ | လူပျို/ အပျို အသင်း | ၁☐၂✔၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၅ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ✔ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၆ | ရေကော်မတီ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာရေဖြန့်ဝေခြင်း လုပ်ငန်းကော်မတီ |
| ၇ | တနင်္သာရီ မိတ်ဆွေအဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ✔ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | မွေးကင်းစကလေးများအတွက် ကူညီထောက်ပံ့ပေးခြင်း |
| ၈ | အရံမီးသတ် အဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | |
| ၉ | ရပ်မိရပ်ဖ | ၁☐ ၂☐ ၃✔ | ပညာရေး ✔ငွေကြေး☐<br>ကျန်းမာရေး ✔ ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဖွဲ့အစည်းအင်အားများသော်လည်း ပူးပေါင်းပါဝင်မှု အသင့်အတင့်သာရှိပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅၀ဧကအထက် | ၂၀ဧကနှင့်အထက် | ၅ဧကနှင့်အထက် | ၅ဧကအောက် |
| အိမ်အခြေအနေ | နှစ်ထပ်တိုက်/ သွပ်မိုး | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | ဓနိမိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ | ထရံကာ၊ ဓနိမိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | မရှိ | စပါးစက် | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး သယ်ယူပို့ဆောင်ရေး၊ အရောင်းအဝယ် | စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပန်းရံ၊ ဆိုင်ကယ်ပြုပြင်ရေး၊ အရောင်းအဝယ်၊ | စိုက်ပျိုးရေး၊ မွေးမြူရေး | ကြုံရာကျပန်း၊ မွေးမြူရေး၊ စိုက်ပျိုးရေး |
| **အိမ်ထောင်စု** | ၂၀ | ၆၀ | ၄၉ | ၁၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။အလုပ်အကိုင်ပုံမှန်မရှိခြင်းနှင့် ကျေးရွာဖွံ့ဖြိုးမှုအားနည်းခြင်းကြောင့် မိသားစုဝင်ငွေရရှိမှု အသင့်အတင့်သာရှိပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀ | ၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၂၀ | ၁၄% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၃၀ | ၂၂% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၅၉ | ၄၂% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၂၀ | ၁၄% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၁၃၉ | ၁၀၀% | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုသည်( ၇%)ခန့်ရှိပြီး အများစုသည်

နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ အလတ်အလတ်စားတောင်သူ အရေအတွက် ပိုများပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| ကွမ်းသီး | ၅၀၀ | ပိဿာ | ၅၀၀ | ၁၀၀၀ | ၆၅၀ | |
| ရာဘာ | ၂၀၀ | ပေါင် | ၂၀၀ | ၅၀၀ | ၂၅၀ | |
| သီဟိုဠ် | ၂၀၀ | ပိဿာ | ၂၀၀ | ၅၀၀ | ၂၅၀ | |
| ဒညင်း | ၁၀၀ | ပုံး | ၁၀၀၀ | ၂၀၀၀ | ၁၅၀၀ | |
| ဝဥ | ၅ | ပိဿာ | ၃၀၀၀ | ၇၀၀၀ | ၅၀၀၀ | |
| | | | | | | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကွမ်းသီး၊ ရာဘာနှင့် သီဟိုဠ်စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၄ | ၁၂ |
| နို့စားနွား | | |
| ကျွဲ | ၁၀ | ၁၄ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၂၀ | ၁၀၅ |
| သိုး | | |
| ဝက် | ၄၀ | ၁၃၆ |
| ကြက် | ၆၀ | ၉၈၈ |
| ဘဲ | ၄ | ၄၃ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဝက်၊ ကြက်၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူအများ အပြားရှိပါသည်။ ငါးမွေးမြူရေးလုပ်ငန်းအတွက် နည်းပညာလိုအပ်ပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန် း အရေအ တွက် | ဝန်ထမ်း / အလုပ်သ မား အရေ အတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁၉ | ၃၀ | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၀ | ၁၀ | | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၂ | ၂ | | |
| ၁၃ | ကျန်းမာရေး | ၂ | ၂ | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အ | ၃၀ | ၃၀ | | |

| | | | | | |
|---|---|---|---|---|---|
| | ထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၆၃ | ၇၄ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျပန်းလုပ်ကိုင်သူများ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများနှင့် အခြားကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အများစုရှိပါသည်။

## (၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ)<br>(အနီးဆုံး<br>တစ်ခုကိုသာဖော်ပြပါရန်) | ကလိန်အောင်ဈေး | ထားဝယ်စည်ပင်သာယာဈေးကြီး |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ဝ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ✔ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ဝ မှ ၁၀ မိုင်☐ ၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၃ဝ မိုင် ☐ ၃ဝမှ ၅ဝ မိုင် ✔<br>၅၁ မှ ၁ဝဝ ☐၁ဝဝ မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရွာပိုင်ဈေးမရှိသောကြောင့် အနီးဆုံးကလိန်အောင်မြို့သို့ သွားရောက်ကြပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ဝ–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ဝ–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ မြေသားလမ်းအများစုမှာ ပျက်စီးနေပြီဖြစ်၍ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရေပြွန်များမှာ ကွန်ကရစ်ရေပြွန်ဖြစ်ပြီး တံတားများမှာ သစ်သားတံတားများဖြစ်ကာ အများစုမှာ ပျက်စီးနေပြီဖြစ်သည်။

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။

## (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၈ | ၉၅ | ၃ | | ၂ | | ၁ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ရေပုံးကျေးရွာသည် ရန်ကုန်-ထားဝယ်ကားလမ်းဘေးတွင် တည်ရှိပြီး ကုန်းလမ်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ရွာသူ/သားအများစုမှာ ဆိုင်ကယ်အသုံးပြုကြပါသည်။

## (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၁၀၀ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၃၉ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရေပုံးကျေးရွာအတွင်း မဟာဓာတ်အားလိုင်းသွယ်တန်းပြီးဖြစ်သော်လည်း လျှပ်စစ်ဓါတ်အား မရရှိသေးပါ ။ အိမ်ထောင်စုအနည်းစုမှာ ဆိုလာတပ်ဆင်အသုံးပြုကြပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

## (၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၃၄ | ၈ | ၅၉ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း ၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း စသည်တို့မှ ရရှိ၍ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူး တလည် မရှိပေ။

# (၆) ပညာရေး

## (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၀၃ | ၉၁ | ၁၉၄ |
| အလယ်တန်း | ၄၅ | ၄၉ | ၁၂၀ |
| အထက်တန်း | ၁၇ | ၂၃ | ၄၀ |
| တက္ကသိုလ်/ကောလိပ် | ၅ | ၉ | ၁၄ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

